**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးမည့်ညွှန်ကြားချက်**

**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)**

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသောCoronavirus Disease2019 (COVID-19)ရောဂါအားကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီလိုက်နာဆောင်ရွက်ခြင်းရှိ၊မရှိကိုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀-၄-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၀ရက်နေ့ အတွင်းစစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီမှသာပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို စစ်ဆေးမှုပြုလုပ်မည့်ကာလအား ၁၅-၅-၂၀၂၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပါကြောင်းတို့အား အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား ရာခိုင်နှုန်းပြည့်နီးပါးစစ်ဆေးပြီး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ စစ်ဆေးရန်ကျန်ရှိသည် အလုပ်ဌာနများအနေဖြင့်လည်း လုပ်သားလူအင်အားနည်းပါးသည့် ကိုယ်ပိုင်လုပ်ငန်းများ၊ အသေးစားတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများ ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ကျန်ရှိသည့်စက်ရုံ၊အလုပ်ရုံ၊အလုပ်ဌာနများအားနေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသော Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၁၆-၅-၂၀၂၀ ရက်နေ့မှစ၍ ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန